ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သံရုံး
ဗီယင်နာမြို့

# နိုင်ငံခြားရောက် မြန်မာနိုင်ငံသားကလေးများ၏ အခြေခံပညာသင်ယူခြင်းအစီအစဉ်နှင့် ပတ်သက်၍ အသိပေးကြေညာခြင်း

၂၀၂၆-၂၀၂၇ ပညာသင်နှစ်အတွက် နိုင်ငံခြားရောက် မြန်မာနိုင်ငံသားကလေးများ၏ အခြေခံပညာသင်ယူခြင်းအစီအစဉ်တွင် တက်ရောက်သင်ယူနိုင်မည်ဖြစ်ပါသည်။

လျှောက်ထားလိုသူများအနေဖြင့် BE4MCA စနစ်၏ Website ဖြစ်သော https://admission.dme.edu.mm တွင် မိဘ/ အုပ်ထိန်းသူများက အကောင့်ဖွင့်လှစ်ပြီး တက်ရောက်လိုသည့် ကျောင်းသား/သူများ၏ အချက်အလက်များကို ဖြည့်သွင်း၍ လျှောက်လွှာပုံစံကို ထုတ်ယူရမည်ဖြစ်ပါသည်။ ထို့နောက် Website မှ ထုတ်ယူထားသည့် လျှောက်လွှာတွင် မိဘ/ အုပ်ထိန်းသူများက လက်မှတ်ရေးထိုးပြီး လိုအပ်သည့် စာရွက်စာတမ်းများ ပူးတွဲ၍ မြန်မာသံရုံး၊ ဗီယင်နာမြို့သို့ ပေးပို့လျှောက်ထားရမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ၂၀၂၆-၂၀၂၇ ပညာသင်နှစ်အတွက် အခြေခံပညာသင်ယူခြင်းအစီအစဉ်တွင် တက်ရောက်လိုသည့် အဆိုပါနိုင်ငံတွင် ရောက်ရှိနေသော မြန်မာနိုင်ငံသားများ၏ ကလေးများ ရှိပါက အထက်ဖော်ပြပါ လျှောက်ထားမှု နည်းလမ်းများနှင့်အညီ လျှောက်ထားနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

EMBASSY OF THE REPUBLIC OF THE UNION OF MYANMAR
056
VIENNA

မြန်မာသံရုံး၊ ဗီယင်နာမြို့
၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်